ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၃၇၂/ ၂၀၂၁

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ယခုအခါတွင် COVID-19 ကြောင့် ဖြစ်ပေါ်နေသော စီးပွားရေးကျဆင်းမှုကို ကုစားသည့်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၌ SKD စနစ်ဖြင့် ထုတ်လုပ်သော Bus ကားများ၊ SKD စနစ်ဖြင့် ထုတ်လုပ်သော/ Body Building ပြုလုပ်သော Truck ကားများ၊ SKD စနစ်ဖြင့် ထုတ်လုပ်သော သုံးဘီးမော်တော်ဆိုင်ကယ်များ၊ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ဆိုင်ကယ်များနှင့် အစီးလိုက် (CBU) သုံးဘီးမော်တော်ဆိုင်ကယ်များ အပေါ်တွင် ကောက်ခံလျက် ရှိသော အကောက်ခွန်နှုန်းထားများအား အောက်ပါအတိုင်း ဖြေလျှော့ခွင့်ပြုလိုက်သည်-

| စဉ် | ယာဉ်အမျိုးအစား | တန်ချိန်/ အမျိုးအစား | လက်ရှိကောက်ခံနှုန်း (%) | | ဖြေလျှော့ကောက်ခံမည့်နှုန်း (%) | |
|---|---|---|---|---|---|---|
| | | | CBU | SKD | CBU | SKD |
| (က) | SKD စနစ်ဖြင့် ထုတ်လုပ်သော Bus များ | ၆ တန်အထက် | - | ၁၀% | - | ၂.၅% |
| | | ၆ တန်နှင့်အောက် | - | ၁၀% | - | ၂.၅% |
| (ခ) | SKD စနစ်ဖြင့် ထုတ်လုပ်သော/ Body Building ပြုလုပ်သော Truck များ | ၅ တန်အထက် | - | ၁၀% | - | ၂.၅% |
| | | ၅ တန်နှင့်အောက် | - | ၁၀% | - | ၂.၅% |

| စဉ် | ယာဉ်အမျိုးအစား | တန်ချိန်/ အမျိုးအစား | လက်ရှိကောက်ခံနှုန်း (%) | | ပြေလျှော့ကောက်ခံမည့်နှုန်း (%) | |
|---|---|---|---|---|---|---|
| | | | CBU | SKD | CBU | SKD |
| (ဂ) | သုံးဘီး မော်တော်ဆိုင်ကယ် | လူစီး | ၂၀% | ၁၀% | ၁၀% | ၀% |
| | | ကုန်တင် | ၁၀% | ၇.၅% | ၅% | ၀% |
| (ဃ) | မော်တော် ဆိုင်ကယ် | - | ၅% | ၅% | ၅% | ၀% |

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ / ဘဏ္ဍာ-၁/ ၃/ ၁ ( ၃၄၆၀ / ၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ် ၊ ဇွန် လ ၂၂ ရက်